Summa Health
Summa Rehab Hospital
A partnership with
Vibra Healthcare

## ငွေရေးကြေးရေးအထောက်အကူပြု အစီအစဉ်

Summa Rehab ဆေးရုံသည် မမျှော်လင့်သော ဆေးကုသမှုဆိုင်ရာပြဿနာများမှ သင့်ငွေရေးကြေးရေး အခြေအနေများ အခက်အခဲဖြစ်ပေါ်စေနိုင်သည်ကို သိရှိနားလည်ပါသည်။ ကျွန်ုပ်တို့သည် လူနာများအား ပြည်ထောင်စု၊ ပြည်နယ်နှင့် ဆေးရုံအစီအစဉ်များမှ ဆေးကုသမှုဆိုင်ရာ ခံစားခွင့်များကို ရရှိနိုင်စေရန်အတွက် ကူညီရန် အသင့်ရှိပါသည်။ သင်၏ဆေးရုံငွေတောင်းခံလွှာကို ပေးချေရာတွင် အထောက်အကူဖြစ်စေမည့် အရင်းအမြစ်များကို ရှာဖွေရာတွင် ကျွန်ုပ်တို့သည် သင့်အား အထောက်အကူပြုလိုပါသည်။ အမှန်တကယ်အားဖြင့် အာမခံမရှိသည့် လူနာတိုင်းသည် ဆေးကုသမှုလျှော့စျေးများအတွက် အကျုံးဝင်ပါသည်။

## လူနာများနှင့် ၎င်းတို့၏ မိသားစုများအတွက် ငွေရေးကြေးရေး အကူအညီ

ကျွန်ုပ်တို့အနေဖြင့် အာမခံထားခြင်းမရှိသည့် သို့မဟုတ် လုံလောက်သည့်အာမခံထားခြင်းမရှိသည့် လူနာများအတွက် ငွေရေးကြေးရေး အထောက်အကူကို ပံ့ပိုးပါသည်။ ဤသည်မှာ Summa Rehab ဆေးရုံမှ ပံ့ပိုးသည့် အခမဲ့ဝန်ဆောင်မှုဖြစ်ပါသည်။ ကျွန်ုပ်တို့သည် လူနာများအား ပြည်ထောင်စု၊ ပြည်နယ်နှင့် ဆေးရုံအစီအစဉ်များမှ ဆေးကုသမှုဆိုင်ရာ ခံစားခွင့်များကို ရရှိနိုင်စေရန် ဆောင်ရွက်ရာတွင် ကူညီရန် အသင့်ရှိပါသည်။ သင်သည် သင်၏ ဆေးရုံငွေတောင်းခံလွှာ၏ အချို့ သို့မဟုတ် အားလုံးအတွက် ပေးချေရန် မတတ်နိုင်ပါက Summa Rehab ဆေးရုံသည် အောက်ပါတို့ကို လုပ်ဆောင်မည်ဖြစ်ပါသည်-

- သင်၏ ဆေးရုံငွေတောင်းခံလွှာများကို ပေးချေရာတွင် အထောက်အကူရရှိနိုင်သည့်နေရာနှင့် နည်းလမ်းကို သင့်အား ပြောဆိုခြင်း။
- သင့်အတွက် အရည်အချင်းပြည့်မီသည့် အစီအစဉ်များကို ရှာဖွေရာတွင် သင့်အား အထောက်အကူပြုခြင်း။
- သင့်လိုအပ်ချက်နှင့် ကိုက်ညီသည့် ပြည်နယ် နှင့်/သို့မဟုတ် ဆေးရုံအစီအစဉ်များကို လျှောက်ထားစာရင်းသွင်းရာတွင် အကူအညီပေးခြင်း။

သင်ရရှိသည့် ဝင်ငွေပမာဏအပေါ်အခြေခံ၍ သင်သည် အောက်ပါတို့အတွက် အကျုံးဝင်နိုင်သည်-

- အခမဲ့ စောင့်ရှောက်မှု
- လျှော့စျေးများ
- အတိုးအမြတ်မပါသည့် ပေးချေမှုဆိုင်ရာ သတ်မှတ်ချက်များ

ကျန်းမာရေးဝန်ဆောင်မှုများအတွက် ပေးချေရန် လူတိုင်းမတတ်နိုင်သည်ကို ကျွန်ုပ်တို့ နားလည်သဘောပေါက်ပါသည်။ ကျွန်ုပ်တို့အနေဖြင့် အာမခံထားခြင်းမရှိသည့် သို့မဟုတ် လုံလောက်သည့်အာမခံထားခြင်းမရှိသူများအတွက် ရွေးချယ်ခွင့်များနှင့် အထောက်အကူတို့ကို ပေးစွမ်းရန်၊ လူနာ၏ ဥပဒေအကျိုးဆောင်များအဖြစ် ထမ်းဆောင်ရန် အသင့်ရှိပါသည်။

## နှစ်စဉ်ပြည်ထောင်စုအစိုးရ၏ ဆင်းရဲမွဲတေမှုဆိုင်ရာလမ်းညွှန်ချက်များ

လူနာတစ်ဦးသည် ရရှိနိုင်သော ပြည်ထောင်စုအစိုးရအထောက်အကူပြု အစီအစဉ်များအတွက် စံနှုန်းနှင့် ကိုက်ညီခြင်းမရှိပါက Summa Rehab ဆေးရုံသည် ပြည်ထောင်စုအစိုးရ၏ ဆင်းရဲမွဲတေမှုဆိုင်ရာလမ်းညွှန်ချက်များအပေါ်အခြေခံ၍ စျေးနှုန်းအရှင်သုံးစနစ်ကို အသုံးပြု၍ လူနာထံသို့ လျှော့စျေးကို ပံ့ပိုးမည်ဖြစ်ပါသည်။

ပြည်ထောင်စုအစိုးရ၏ ဆင်းရဲမွဲတေမှုဆိုင်ရာလမ်းညွှန်ချက်များသည် ပြည်ထောင်စုပြန်တမ်းအတွင်း ထုတ်ပြန်သည့် ရက်စွဲတွင် နှစ်စဉ်အကျိုးသက်ရောက်ပါသည်။ ထိုရက်စွဲတွင် သို့မဟုတ် ထိုရက်စွဲနောက်ပိုင်း ဝန်ဆောင်မှုပြုလုပ်သည့် မည်သည့်ရက်စွဲအတွက်မဆို၏ အကျုံးဝင်မှုကို လမ်းညွှန်ချက်အသစ်များဖြင့် ဆုံးဖြတ်သင့်ပါသည်။ ထိုရက်စွဲမတိုင်မီ ဝန်ဆောင်မှုပြုလုပ်သည့်ရက်စွဲများကို ယခင်လမ်းညွှန်ချက်များဖြင့် ဆုံးဖြတ်သင့်ပါသည်။ ကျန်းမာရေးနှင့် လူမှုဝန်ဆောင်မှုများဌာန မှ ထုတ်ပြန်ထားသည့် လက်ရှိနှင့် ယခင်နှစ်များ၏ လမ်းညွှန်ချက်များကို ကြည့်ရန် http://aspe.hhs.gov/poverty/ ကို သွားရောက်ကြည့်ရှုပါ။

Summa Health
Summa Rehab Hospital
A partnership with Vibra Healthcare

- ကျွန်ုပ်တို့သည် ပြည်ထောင်စုအစိုးရ၏ ဆင်းရဲမွဲတေမှုဆိုင်ရာလမ်းညွှန်ချက်များ၏ နှစ်ဆအထိ ဝင်ငွေရရှိသည့် မည်သူအတွက်မဆို အခမဲ့စောင့်ရှောက်မှုကို ပေးစွမ်းပါသည်။
- ကျွန်ုပ်တို့သည် ပြည်ထောင်စုအစိုးရ၏ ဆင်းရဲမွဲတေမှုဆိုင်ရာလမ်းညွှန်ချက်များ၏ လေးဆအထိ ဝင်ငွေရရှိသည့် မည်သူအတွက်မဆို လောက်ငှပြည့်စုံသော လျှော့ဈေးပါဝင်သည့် စောင့်ရှောက်မှုကို ပေးစွမ်းပါသည်။
- ကျွန်ုပ်တို့သည် ပြည်ထောင်စုအစိုးရ၏ ဆင်းရဲမွဲတေမှုဆိုင်ရာလမ်းညွှန်ချက်များထက် လေးဆပိုမို၍ ဝင်ငွေရရှိသည့်လူနာများအတွက် ပေးချေမှုပြုလုပ်သည့်အဖွဲ့အစည်းများနှင့် ကျွန်ုပ်တို့သဘောတူထားသည့်လျှော့ဈေးများကို ပေးစွမ်းပါသည်။

Summa Rehab ဆေးရုံသည် လူနာများအား ကုသမှုလုပ်ငန်းစတင်သည်မှ ငွေတောင်းခံခြင်းပြုလုပ်သည့်ရုံးသို့ရောက်ရှိသည်အထိ လူနာများအားလုံးကို ကရုဏာတရားထား၍ ဂုဏ်သိက္ခာနှင့် လေးစားမှုရှိစွာဖြင့် ပြုမူဆက်ဆံပါသည်။

လျှောက်ထားမှုလုပ်ငန်းစဉ်အတွက် ခွဲခြားသတ်မှတ်ခြင်းနှင့် စတင်လုပ်ဆောင်ခြင်းကို ချောမွေ့လွယ်ကူစေရန်အတွက် ခွင့်ပြုချက်ထုတ်ပေးခြင်းမတိုင်မီနှင့် ခွင့်ပြုချက်ထုတ်ပေးခြင်း/မှတ်ပုံတင်ခြင်းလုပ်ငန်းစဉ်အတွင်း လျှောက်လွှာပုံစံများကို ရရှိနိုင်စေရန် ပြုလုပ်ထားပါသည်။ ပုံစံကို ဖြည့်သွင်းရာတွင် အထောက်အကူလိုအပ်လျှင်ဖြစ်စေ မေးမြန်းလိုသည့်အချက်များရှိလျှင်ဖြစ်စေ သို့မဟုတ် လူနာ၏ ကိုယ်စားလှယ်နှင့် တိုက်ရိုက်ဆွေးနွေးလိုလျှင်ဖြစ်စေ ကျွန်ုပ်တို့၏ ခွင့်ပြုချက်ထုတ်ပေးသည့်ရုံးကို ဖုန်းခေါ်ဆိုပါ။ သင့်အတွက် ကူညီပေးရန် အသင့်ရှိပါသည်။ သင်၏ ပေးချေမှုပြုလုပ်နိုင်စွမ်း သို့မဟုတ် ရရှိနိုင်သော အစီအစဉ်များနှင့် ပတ်သက်၍ မေးမြန်းလိုသည့်အချက်များရှိပါက ဖုန်းခေါ်ဆိုပါ။ ကျွန်ုပ်တို့သည် လူတစ်ဦးချင်းနှင့်ဆိုင်သည့် လိုအပ်ချက်များ၊ အခြေအနေများနှင့် ကိုက်ညီစေရန် လူနာတစ်ဦးချင်းစီနှင့်အတူ တွဲဖက်လုပ်ဆောင်ပါသည်။

ကျွန်ုပ်တို့၏ ခွင့်ပြုချက်ထုတ်ပေးသည့် အဖွဲ့အစည်းသည် Summa Rehab ဆေးရုံ၏ ငွေရေးကြေးရေးအထောက်အကူပြု အစီအစဉ်၊ ပေးချေမှုအစီအစဉ်များ၊ အာမခံအကျုံးဝင်မှု၊ Medicare နှင့် အခြား ငွေရေးကြေးရေးဆိုင်ရာ စုံစမ်းမှုများနှင့် ပတ်သက်သည့် မေးခွန်းများကို ဖြေကြားပေးနိုင်ပါသည်။

ငွေရေးကြေးရေးအထောက်အကူနှင့် ပတ်သက်၍ အချက်အလက်များ ပိုမိုသိရှိလိုပါက ဖုန်းနံပါတ် (330) 572-7255 ကို ခေါ်ဆိုပါ။